THE REPUBLIC OF THE UNION OF MYANMAR

# THE SUPREME COURT OF THE UNION



## တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃–၂၀၂၇)

# စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆ ခုနှစ်)

## JUDICIAL STRATEGIC PLAN (2023-2027)

# YEAR 4 ACTION PLAN (2026)

**PROVIDING JUSTICE BY ALL**

တရားမျှတမှုရရှိစေရေး အားလုံးပါဝင်ဆောင်ရွက်ပေး

YEAR 4 ACTION PLAN (2026)



# စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆ ခုနှစ်)

# တရားမျှတမှုရရှိစေရေး အားလုံးပါဝင်ဆောင်ရွက်ပေး

# မြန်မာတရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများ

## ရည်မှန်းချက်

- လူတိုင်းအတွက် အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- တရားရုံးများအပေါ်တွင် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

## လုပ်ငန်းတာဝန်များ

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

## တန်ဖိုးများ

- သာတူညီမျှမှုနှင့် တရားမျှတမှု
- တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
- လက်လှမ်းမီနိုင်မှု
- မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်မှု



# မာတိကာ


- တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) - စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆) ၁
- တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ရန် ၃
- အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန် ၉
- တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန် ၁၁
- တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ဆောင်ရွက်ရန် ၁၆
- ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် ၂၃
- အတိုကောက်အခေါ်အဝေါ်များ ၂၆
- အဓိပ္ပါယ်ဖွင့်ဆိုချက်များ ၂၈

## တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)

## စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲတိုးတက်ရေးကိုရှေးရှု၍ ၂၀၁၅ ခုနှစ်မှ စတင်ပြီး တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ လက်ရှိတွင် ငါးနှစ်တာ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ကို နှစ်အလိုက် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၂၆ ခုနှစ်ဆိုလျှင် စတုတ္ထနှစ်သို့ပင် ရောက်ရှိလာပြီ ဖြစ်သည်။ သို့ဖြစ်၍ ၂၀၂၆ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအား စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆) အဖြစ် ရေးဆွဲထုတ်ပြန်လိုက်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် "လူတိုင်းအတွက် အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်" နှင့် "တရားရုံးများအပေါ်တွင် ပြည်သူလူထု၏ ယုံကြည်မှုနှင့် ထိရောက်သော တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ပေးရန်" စသည့် မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မဟာဗျူဟာလုပ်ငန်းဆိုင်ရာ နယ်ပယ် (၅) ရပ်ကို သတ်မှတ်ပြီး နယ်ပယ်အလိုက် သတ်မှတ်ထားသော မဟာဗျူဟာများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအနက် Judicial College၊ ကော့သောင်းခရိုင်တရားရုံး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ကော့သောင်းမြို့နယ်တရားရုံး၊ ဒလမြို့နယ်တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး ရုံးအဆောက်အဦသစ်များကို ဖွင့်လှစ်ခဲ့ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ရှေးဟောင်းအဆောက်အအုံအား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရှေ့နေများအတွက် AML/CFT ဆိုင်ရာသင်တန်းနှင့် အသိပညာပေးဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချခဲ့ခြင်း၊ မူပိုင်ခွင့်ချိုးဖောက်မှုများတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကျင်းပခြင်းတို့သည် မြန်မာ့တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် အထောက်အကူဖြစ်စေသော အောင်မြင်မှုရလဒ်များပင် ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ယင်းအောင်မြင်မှုရလဒ်များကို ရေရှည်တည်တံ့၍ ပိုမိုတိုးတက်ကောင်းမွန်အောင် ထိန်းသိမ်းဆောင်ရွက်ရင်း တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်၏ မပြီးပြတ်သေးသောလုပ်ငန်းများကို စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်တွင် ဆက်လက်ထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့အပြင် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တရားလွှတ်တော်အဆောက်အဦသစ်များ ဆောက်လုပ်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အဦသစ် ဆောက်လုပ်ရေးအတွက် ရွှေ့ပြောင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း၊ မန္တလေးလျှောင်ကြီးကြောင့် ပျက်စီးခဲ့ရသော Judicial College နှင့် တရားရုံးအဆောက်အဦများ အသစ်ပြန်လည် တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊ နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ် (Case Management System) ကို ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတွင် စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်သက်ဆိုင်သည့် တရားစွဲတင်မှု၊ ပြစ်ဒဏ်ချမှတ်မှု၊ ဘဏ္ဍာသိမ်းဆည်းမှုဆိုင်ရာ သတင်းအချက်အလက် ထိန်းသိမ်းမှုစနစ် တည်ဆောက်ခြင်း အစရှိသည့် လုပ်ငန်းအစီအစဉ်သစ်များကိုလည်း ၂၀၂၆ ခုနှစ်တွင် ထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

ယင်းမဟာဗျူဟာလုပ်ငန်းအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တာဝန်ရှိသူများအနေဖြင့် ရရှိနိုင်မည့် အရင်းအမြစ်များကို သေချာစွာ စီမံခန့်ခွဲရန် လိုအပ်သကဲ့သို့ တွေ့ကြုံနိုင်သည့် ဘတ်ဂျက်၊ အချိန် စသည့်အကန့်အသတ်များကိုလည်း ထည့်သွင်းသုံးသပ်ပြီး သင့်လျော်သောနည်းလမ်းများကို ရွေးချယ်ကာ ဆောင်ရွက်မှုများကို ထိရောက်စွာ လုပ်ဆောင်ရမည်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က "တရားမျှတမှုရရှိစေရေး အားလုံးပါဝင်ဆောင်ရွက်ပေး" ဟူသည့်ဆောင်ပုဒ်နှင့်အညီ မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်များအား ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် တာဝန်ရှိသူအားလုံး၏ ပူးပေါင်းမှုနှင့် ပံ့ပိုးမှုများသည် အထောက်အကူများစွာဖြစ်စေနိုင်သည်။ သို့ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၂၆ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ချမှတ်ထားသည့် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ အောင်မြင်ရေးအတွက် တာဝန်ရှိသူအားလုံးက ညီညွတ်သော အဖွဲ့အစည်းစိတ်ဓါတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆)

မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁၊ တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| မဟာဗျူဟာရည်မှန်းချက် ၁.၁ ထိရောက်သောဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ် တည်ထောင်ရန် | ၁.၁.၁ နိုင်ငံတစ်ဝန်းတွင် ထိရောက်သော ဥပဒေဆိုင်ရာအထောက်အကူ ပေးရေး စနစ်တစ်ရပ်ကို စီမံဆောင်ရွက်ရန် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အား ကူညီဆောင်ရွက်ပေးခြင်း | • ဥပဒေအထောက်အကူပြုအဖွဲ့များ၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့အောင် ဆက်လက်ကူညီခြင်း | ဦးစားပေး အဆင့် ၁ | BLDP + HCs + DCs + TCs | အချိန်မီပြီးစီးမှု |
| မဟာဗျူဟာရည်မှန်းချက် ၁.၂ တရားရုံးအသုံးပြုသူများ လက်လှမ်းမီနိုင်မှုတိုးတက်စေခြင်း | ၁.၂.၁ တရားရုံးများတွင် ခေတ်မီ အများပြည်သူဆိုင်ရာ သတင်း အချက်အလက်ကောင်တာများနှင့် အမှုလက်ခံဌာနများ တည်ထောင်ခြင်း | • အင်းစိန်ခရိုင်တရားရုံး၊ သန်လျင်မြို့နယ်တရားရုံးတို့ အား တည်ဆောက်ရာတွင် သတင်းအချက်အလက် ကောင်တာများနှင့် အမှုလက်ခံဌာနများ ထည့်သွင်း ဆောက်လုပ်ခြင်း<br>• ကချင်ပြည်နယ်တရားလွှတ်တော်အဆောက်အဦ တည်ဆောက်ရာတွင် သတင်းအချက်အလက် ကောင်တာနှင့် အမှုလက်ခံဌာန ထည့်သွင်း ဆောက်လုပ်ခြင်း<br>• လွိုင်ကော်မြို့နယ်တရားရုံးတည်ဆောက်ရာတွင် သတင်းအချက်အလက်ကောင်တာနှင့် အမှုလက်ခံ ဌာန ထည့်သွင်းဆောက်လုပ်ခြင်း<br>• ကျောက်ဆည်ခရိုင်တရားရုံးနှင့်ကျောက်ဆည် မြို့နယ်တရားရုံး တည်ဆောက်ရာတွင် သတင်း အချက်အလက်ကောင်တာများနှင့် အမှုလက်ခံဌာန များ ထည့်သွင်းဆောက်လုပ်ခြင်း | ဦးစားပေး အဆင့် ၁ | Yangon HC + BLDP<br>Kachin HC + BLDP<br>Kayah HC + BLDP<br>Mandalay HC + BLDP | ဆောက်လုပ်ပြီး အရေအတွက်<br>ဆောက်လုပ်ပြီး အရေအတွက်<br>ဆောက်လုပ်ပြီး အရေအတွက်<br>ဆောက်လုပ်ပြီး အရေအတွက် |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| | | • ဆီဆိုင်မြို့နယ်တရားရုံး တည်ဆောက်ရာတွင် သတင်းအချက်အလက်ကောင်တာနှင့် အမှုလက်ခံဌာန ထည့်သွင်းဆောက်လုပ်ခြင်း<br>• အိမ်မဲမြို့နယ်တရားရုံး တည်ဆောက်ရာတွင် သတင်းအချက်အလက်ကောင်တာနှင့် အမှုလက်ခံဌာန ထည့်သွင်းဆောက်လုပ်ခြင်း<br>• သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံဌာနများကို ထိရောက်စွာ အသုံးချစေရေး အတွက် ကြီးကြပ်မှုပေးခြင်း | | Shan HC + BLDP<br><br>Ayeyarwady HC + BLDP<br><br>HCs | ဆောက်လုပ်ပြီး အရေအတွက်<br><br>ဆောက်လုပ်ပြီး အရေအတွက်<br><br>တရားရုံးအသုံး ပြုသူများ၏ စိတ်ကျေနပ်မှု |
| | ၁.၂.၂ တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များ တိုးမြှင့်လွှင့်တင်ခြင်း | • ပြည်ထောင်စုတရားလွှတ်တော်ချုပ် Website တွင် တရားစီရင်ရေးကဏ္ဍ၏ သတင်းအချက်အလက်များ တိုးမြှင့်လွှင့်တင်ခြင်း<br>• တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၏ Website များတွင် သတင်းအချက်အလက်များ တိုးမြှင့်လွှင့်တင်ခြင်း | ဦးစားပေး အဆင့် ၁ | IPRDP + e-Gov<br><br>HCs + IPRDP | အချိန်မီပြီးစီးမှု<br><br>အချိန်မီပြီးစီးမှု |
| | ၁.၂.၃ အများပြည်သူ လက်လှမ်းမီသည့် တရားစီရင်ရေးဆိုင်ရာ နည်းပညာသုံး သတင်းအချက်အလက် စနစ်များ ဆောင်ရွက်ခြင်း | • ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်များကို Online မှ လေ့လာဖတ်ရှုနိုင်ရန် ဆက်လက်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | e-Gov + CJDP + CMWG + All Courts | တိုးတက်မှု အဆင့်နှင့် အချိန်မီပြီးစီးမှု |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁.၃** တရားရုံးသို့လာရောက်သူများအား ယဉ်ကျေးလိုက်လျှော လေးစားစွာ ဆက်ဆံရန် | ၁.၃.၁ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများအတွက် ဝန်ဆောင်မှု သင်တန်း ဆက်လက်ပေးခြင်း | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေး အရာရှိများနှင့် ဝန်ထမ်းများအတွက် ဝန်ဆောင်မှု သင်တန်းများပေးခြင်း<br>• တိုင်းဒေသကြီး/ပြည်နယ်များရှိ တရားရုံးများအတွက် ဝန်ဆောင်မှုသင်တန်းဆရာများအား ဆရာဖြစ် လေ့ကျင့်သင်ကြားပေးခြင်း<br>• ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင် တရားရုံးဝန်ဆောင်မှုဆင့်ပွားသင်တန်းများပေးခြင်း | ဦးစားပေး အဆင့် ၁ | IPRDP<br><br>IPRDP + HCs + All Courts<br><br>DCs + TCs + IPRDP | သင်တန်း အရေအတွက်<br><br>သင်တန်း အရေအတွက်<br><br>သင်တန်း အရေအတွက် |
| **မဟာဗျူဟာရည်မှန်းချက် ၁.၄** တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှု တိုးတက်စေရေး အတွက် တရားရုံးအဆောက်အဦ အသစ်များ ဆောက်လုပ်ရန်နှင့် အဆောက်အဦများအား ပြုပြင် မွမ်းမံရန် | ၁.၄.၁ အခြေခံစံသတ်မှတ်ထားသည့် ဒီဇိုင်းပုံစံများနှင့်အညီ တရားရုံး အဆောက်အဦနှင့်ဝန်ထမ်းအိမ်ရာ အသစ်များ တည်ဆောက်ခြင်း/ အဆောက်အဦအဟောင်းများ ပြုပြင် မွမ်းမံခြင်း | • လယ်ဝေးခရိုင်တရားရုံး အုတ်မြစ်ချပွဲ ကာရံခြင်း၊ ပျဉ်းမနားခရိုင်တရားရုံးအဆောက်အဦ၊ ပျဉ်းမနား မြို့နယ်တရားရုံးအဆောက်အဦ၊ ပျဉ်းမနားခရိုင်တရား သူကြီးနေအိမ်အဆောက်အဦနှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ် Judicial College ဝန်ထမ်းအိမ်ရာ အဆောက်အဦ တို့ကို ပြန်လည်ပြုပြင်ခြင်း<br>• ကချင်ပြည်နယ်တရားလွှတ်တော်အဆောက်အဦသစ် ဆောက်လုပ်ခြင်း<br>• လွိုင်ကော်မြို့နယ်တရားရုံးအဆောက်အဦနှင့် သက်သေခံပစ္စည်းထားသိုရန်အဆောက်အဦတို့ကို အသစ်ဆောက်လုပ်ခြင်း၊ တရားရုံးအချုပ်ခန်း၊ အမှုတွဲ ခန်းနှင့် နှစ်ခန်းတွဲအရာရှိအိမ်ရာတို့ကို ပြုပြင်ခြင်း | ဦးစားပေး အဆင့် ၁ | BLDP<br><br>Kachin HC + BLDP<br><br>Kayah HC + BLDP | ဆောင်ရွက်ပြီး အရေအတွက်<br><br>ဆောင်ရွက်ပြီး အရေအတွက်<br><br>ဆောင်ရွက်ပြီး အရေအတွက် |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| | | • ကရင်ပြည်နယ်တရားလွှတ်တော်အဆောက်အဦသစ် ဆက်လက်ဆောက်လုပ်ခြင်း<br>• စစ်ကိုင်းခရိုင်တရားရုံးအဆောက်အဦနှင့် အမှုတွဲခန်းတို့ကို ပြုပြင်ခြင်း၊ ချောင်းဦးမြို့နယ်တရားရုံးနှင့် စစ်ကိုင်းမြို့နယ်တရားရုံးတို့ကို ပြုပြင်ခြင်း<br>• တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် အဆောက်အဦသစ် ဆောက်လုပ်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် အဆောက်အဦဟောင်း ပြုပြင်ခြင်း၊ သရက်ချောင်းမြို့နယ်တရားရုံး၊ ရေဖြူမြို့နယ်တရားရုံး မြိတ်မြို့နယ်တရားရုံးနှင့် ကျွန်းစုမြို့နယ်တရားရုံး တို့ကို ပြုပြင်မွမ်းမံခြင်း<br>• မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ကလေးသူငယ်တရားရုံး၊ မဟာအောင်မြေခရိုင်တရားရုံးနှင့် အောင်မြေသာစံခရိုင်တရားရုံး တို့ကို ပြုပြင်ခြင်း၊ ကျောက်ဆည်ခရိုင်တရားရုံးနှင့် ကျောက်ဆည်မြို့ နယ်တရားရုံးတို့ကို အသစ်ပြန်လည်တည်ဆောက်ခြင်း<br>• မော်လမြိုင်ခရိုင်တရားရုံးအဆောင်သစ် ပြုပြင်မွမ်းမံခြင်း<br>• သန်လျင်မြို့နယ်တရားရုံးနှင့် အင်းစိန်ခရိုင်တရားရုံး ဆက်လက်ဆောက်လုပ်ခြင်း၊ မရမ်းကုန်းခရိုင်တရားရုံး အမှုတွဲခန်းနှင့် ကမာရွတ်ခရိုင်တရားရုံး သက်သေခံ | | Kayin HC + BLDP<br>Sagaing HC + BLDP<br>Tanintharyi HC + BLDP<br>Mandalay HC + BLDP<br>Mon HC + BLDP<br>Yangon HC + BLDP | ဆောင်ရွက်ပြီးအရေအတွက်<br>ဆောင်ရွက်ပြီးအရေအတွက်<br>ဆောင်ရွက်ပြီးအရေအတွက်<br>ဆောင်ရွက်ပြီးအရေအတွက်<br>ဆောင်ရွက်ပြီးအရေအတွက်<br>ဆောင်ရွက်ပြီးအရေအတွက် |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| | | ပစ္စည်းထားရန် အဆောက်အဦတို့ကို ဆောက်လုပ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အကြီးစားပြုပြင်မွမ်းမံခြင်း၊ မင်္ဂလာဒုံခရိုင်တရားရုံးမြေနေရာနှင့် ကမာရွတ်ခရိုင်တရားရုံးမြေနေရာတို့ကို ပြုပြင်မွမ်းမံခြင်း၊ ဗဟန်းမြို့နယ်တရားရုံး၊ ကလေးသူငယ်တရားရုံး (ရန်ကုန်)၊ ပန်းပဲတန်းမြို့နယ်တရားရုံး၊ သန်လျင်ခရိုင်တရားရုံးအမှုတွဲခန်း၊ ဒဂုံမြို့သစ်ခရိုင်တရားရုံးနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံးတို့ကို ပြုပြင်မွမ်းမံခြင်း<br>• ဆီဆိုင်မြို့နယ်တရားရုံးအသစ်တည်ဆောက်ခြင်း၊ ဆီဆိုင်မြို့နယ်တရားရုံး ဝန်ထမ်းအိမ်ရာ ပြုပြင်ခြင်း၊ မိုင်းပန်မြို့နယ်တရားရုံးခြံစည်းရိုးအသစ်တည်ဆောက်ခြင်း၊ လားရှိုးခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံး တို့၏ ခြံစည်းရိုးပြုပြင် မွမ်းမံခြင်း<br>• အိမ်မဲမြို့နယ်တရားရုံးအသစ်တည်ဆောက်ခြင်း | | Shan HC + BLDP<br><br>Ayeyarwady HC + BLDP | ဆောင်ရွက်ပြီး အရေအတွက်<br><br>ဆောင်ရွက်ပြီး အရေအတွက် |
| | ၁.၄.၂ တရားရုံးတွင်ပြည့်စုံလုံလောက်မှုနှင့် စိတ်ချရမှုတို့ကို ရရှိခံစားနိုင်စေရန် တရားရုံးအထောက်အပံ့ပစ္စည်းများ ခေတ်မီအောင်ဆောင်ရွက်ခြင်း | • ပြည်ထောင်စုနယ်မြေအတွင်းရှိ တရားရုံးများအတွက် ကွန်ပျူတာများ၊ ပရင်တာများနှင့် မိတ္တူကူးစက်များ ထောက်ပံ့ခြင်း<br>• ကချင်ပြည်နယ်တရားလွှတ်တော်အတွက် လက်ပ်တော့ ကွန်ပျူတာနှင့် ပရင်တာများ ဝယ်ယူခြင်း | ဦးစားပေး အဆင့် ၁ | BLDP<br><br>Kachin HC | ဆောင်ရွက်ပြီး အရေအတွက်<br><br>ဆောင်ရွက်ပြီး အရေအတွက် |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| | | • စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွက် ပရင်တာများ ဝယ်ယူထောက်ပံ့ပေးအပ်ခြင်း၊ ဟုမ္မလင်းခရိုင်တရားရုံးအတွက် လိုအပ်သော ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူခြင်း | | Sagaing HC | ဆောင်ရွက်ပြီးအရေအတွက် |
| | | • ပြင်ဦးလွင်ခရိုင်တရားရုံးနှင့် မိတ္ထီလာခရိုင်တရားရုံးတို့တွင် သက်သေအထူးစစ်မေးခန်းများ ထားရှိခြင်း | | Mandalay HC | ဆောင်ရွက်ပြီးစီးမှု |
| | | • မင်းဘူးခရိုင်တရားရုံးတွင် သက်သေအထူးစစ်မေးခန်း ထားရှိခြင်း | | Magway HC | ဆောင်ရွက်ပြီးစီးမှု |
| | | • မအူပင်ခရိုင်နှင့် လပွတ္တာခရိုင်တရားရုံးတို့တွင် သက်သေအထူးစစ်မေးခန်း ထားရှိခြင်း | | Ayeyarwady HC | ဆောင်ရွက်ပြီးစီးမှု |

စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆)

မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၂၊ အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| မဟာဗျူဟာရည်မှန်းချက် ၂.၁ သတင်းမီဒီယာ၊ အများပြည်သူတို့နှင့် ဆက်ဆံပြောဆိုမှု တိုးတက်စေရန် | ၂.၁.၁ တရားသူကြီးများကို မီဒီယာဆက်ဆံရေး ကျွမ်းကျင်မှုသင်တန်း ပေးခြင်း | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဖွင့်လှစ်သော လုပ်ငန်းဝင်သင်တန်း၊ မွမ်းမံသင်တန်းများတွင် မီဒီယာဆက်ဆံရေး ဘာသာရပ်ကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းပို့ချခြင်း<br>• တရားလွှတ်တော်များတွင် မီဒီယာဆက်ဆံရေး ကျွမ်းကျင်မှုဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချပေးခြင်း | ဦးစားပေး အဆင့် ၁ | TDP + IPRDP<br><br>HCs + IPRDP | သင်တန်း အရေအတွက်<br><br>သင်တန်း အရေအတွက် |
| | ၂.၁.၂ တရားရုံးများတွင်အများပြည်သူဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုများ တိုးတက်စေခြင်း | • တရားစီရင်ရေးကဏ္ဍ၏ဆောင်ရွက်ချက်များအပေါ် တိကျမှန်ကန်သော သတင်းအချက်အလက်များကို မီဒီယာများမှတစ်ဆင့် အများပြည်သူသိရှိအောင် ဆောင်ရွက်ခြင်း<br>• စာချုပ်စာတမ်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာများအား အသိပညာပေး ဆွေးနွေးခြင်း | ဦးစားပေး အဆင့် ၁ | IPRDP + HCs + All Courts<br><br>WDP | ပြည်သူများ၏ စိတ်ကျေနပ်မှု + ထိတွေ့ဆက်ဆံမှု အရေအတွက်<br><br>ဆွေးနွေးမှု အရေအတွက် |
| | ၂.၁.၃ အများပြည်သူဆိုင်ရာ သတင်းအချက်အလက်အစီအစဉ် တိုးချဲ့ဆောင်ရွက်ခြင်း | • ဥပဒေရေးရာအသိပညာပေးအစီအစဉ်များ တိုးချဲ့ဆောင်ရွက်ခြင်း<br>• တရားရေးဂျာနယ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာအုပ်နှင့် အခြားဥပဒေဆိုင်ရာစာအုပ်များ ထုတ်ဝေခြင်း<br>• ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၅ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေခြင်း | ဦးစားပေး အဆင့် ၁ | IPRDP + All Departments<br><br>LPDP<br><br>CART + IR&RDP | တိုးတက်မှုအဆင့်နှင့်အချိန်မီပြီးစီးမှု<br><br>ထုတ်ဝေပြီးစီးမှု<br><br>ထုတ်ဝေပြီးစီးမှု |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| | | • တရားလွှတ်တော်များအလိုက် တရားရုံးနှစ်စဉ် အစီရင်ခံစာများ ထုတ်ဝေခြင်း<br>• USC Website တွင် ရှေ့နေရှေ့ရပ်ကထ္တာခွဲ၌ သတင်းအချက်အလက်များ ဆက်လက်ထုတ်ပြန်ခြင်း<br>• ၁၈၇၂ ခုနှစ်၊ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာဥပဒေအရ ထိမ်းမြားပေးနိုင်ခွင့် လိုင်စင်ရရှိထားသူများစာရင်းကို USC Website တွင် ဆက်လက်လွှင့်တင်ခြင်း | | HCs + IR&RDP<br><br>LIDP + IPRDP<br><br>LPDP + IPRDP | ထုတ်ဝေပြီးစီးမှု<br><br>အချိန်မီ ဆောင်ရွက်ပြီးစီးမှု<br>အချိန်မီ ဆောင်ရွက်ပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၂.၂**<br>တရားရုံးသတင်းအချက်အလက်ဆိုင်ရာ ရပ်ရွာအခြေပြုအစီအစဉ်များ မြှင့်တင်ဆောင်ရွက်ရန် | ၂.၂.၁ အများပြည်သူအထောက်အကူပြု အစီအစဉ်များ ဆောင်ရွက်ခြင်း | • တရားရုံးအသုံးပြုသူများက တရားရုံးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အလွယ်တကူ သိရှိနိုင်ရန် ဗီနိုင်းများ၊ လမ်းညွှန်အမှတ်အသားများ ထားရှိခြင်း | ဦးစားပေး အဆင့် ၁ | ADP + HCs + All Courts | အများပြည်သူ စိတ်ကျေနပ်မှု + အစီအစဉ် အရေအတွက် |
| | ၂.၂.၂ တရားရုံးသတင်းအချက်အလက်များကို တိုင်းရင်းသား ဘာသာစကားများဖြင့် ဆောင်ရွက်ပေးခြင်း | • တရားရုံးသတင်းအချက်အလက်များကို တိုင်းရင်းသား ဘာသာစကားများဖြင့် အသိပညာပေးခြင်း | ဦးစားပေး အဆင့် ၁ | HCs + IPRDP | ဆောင်ရွက်သည့် အရေအတွက် |

**စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆)**

**မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၃၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်**

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၁**<br>တရားစီရင်ရေးကို ခိုင်မာ၍ယုံကြည်ထိုက်သော လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ်တိုးမြှင့်ဖော်ဆောင်ရန် | ၃.၁.၁ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု၏ လက်ရှိအနေအထားကို ဆန်းစစ်အကဲဖြတ်ခြင်း | • တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှု၏ လက်ရှိအနေအထားကို ဆန်းစစ်အကဲဖြတ်နိုင်ရန် တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် လက်တွေ့ကျင့်သုံးမှုများအပေါ် သုတေသန ပြုလုပ်ခြင်း | ဦးစားပေး အဆင့် ၁ | IR&RDP | အချိန်မီပြီးစီးမှု |
| | ၃.၁.၂ ကောင်းမွန်စွာလုပ်ဆောင်နိုင်ပြီး လွတ်လပ်သည့် တရားစီရင်ရေးအဖြစ် တိုးတက်ဖြစ်ပေါ်စေရန် အခြားသောမဏ္ဍိုင်များ၊ အကျိုးသက်ဆိုင်သူများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | • ရှေ့နေရှေ့ရပ်များအတွက် AML/CFT ဆိုင်ရာ အသိပညာပေးသင်တန်းများ ဆောင်ရွက်ခြင်း<br>• AML/CFT ဆိုင်ရာ Offsite နှင့် Onsite လုပ်ငန်းများ ဆောင်ရွက်ခြင်း<br>• ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းတို့အကြား ဆက်သွယ်ရေးကွန်ယက်တစ်ခု ထားရှိခြင်း<br>• မူပိုင်ခွင့်ဥပဒေနှင့်စပ်လျဉ်း၍ ပြင်ပရှေ့နေများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပခြင်း<br>• တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးခြင်း | ဦးစားပေး အဆင့် ၁ | OUJS + LIDP + AMLWG + HCs + DCs<br>LIDP + AMLWG + HCs + DCs<br>LIDP + e-Gov<br>HCs + ADR&CSDP<br>HCs + ADR&CSDP | ဆောင်ရွက်ပြီးစီးမှု အရေအတွက်<br>လုပ်ငန်းပြီးစီးမှု အရေအတွက်<br>အချိန်မီ ဆောင်ရွက်ပြီးစီးမှု<br>ဆွေးနွေးပွဲ အရေအတွက်<br>ဆောင်ရွက်မှု အရေအတွက် |
| | ၃.၁.၃ အပြည်ပြည်ဆိုင်ရာ တရားရေးအဖွဲ့အစည်းများနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | • ဒေသတွင်းတရားစီရင်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း<br>• နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများ ချုပ်ဆိုရန်နှင့် အကောင်အထည်ဖော်ရန်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | IR&RDP + OUCJ + OUSC + OUJS<br>IR&RDP + OUCJ + OUSC + OUJS | ဆောင်ရွက်မှု အရေအတွက်<br>အကောင်အထည် ဖော်နိုင်မှု |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| | ၃.၁.၄ တရားစီရင်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် ဥပဒေမူကြမ်း၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း များရေးဆွဲခြင်းနှင့် အခြားဌာနဆိုင်ရာ များသို့ သင့်လျော်သလို အကြံပြုချက် များပေးခြင်း | • တရားရုံးများလက်စွဲ (ပထမတွဲ) ပြင်ဆင်ခြင်းကို ဆက်လက်ဆောင်ရွက်ခြင်း<br>• တရားစီရင်ရေးကဏ္ဍနှင့်သက်ဆိုင်သည့် ဥပဒေ မူကြမ်း၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲ ခြင်းနှင့် အခြားဌာနဆိုင်ရာများသို့ သင့်လျော်သလို အကြံပြုချက်များပေးခြင်း<br>• နိုင်ငံတကာ ဒစ်ဂျစ်တယ်လစ်များ၊ ရှေ့နေရှေ့ရပ်များနှင့် သက်ဆိုင် သည့် ညွှန်ကြားချက်၊ အမိန့်၊ ကြေညာချက်များ ထုတ်ပြန်ခြင်း | ဦးစားပေး အဆင့် ၁ | LPDP + MCMWG<br>LPDP<br>LIDP + OUJS | ပြင်ဆင်ပြီးစီးမှု<br>အကောင်အထည် ဖော်နိုင်မှု အရေအတွက်<br>ထုတ်ပြန်သည့် အရေအတွက် |
| **မဟာဗျူဟာရည်မှန်းချက် ၃.၂**<br>တရားရုံးဘတ်ဂျက်ကို ပွင့်လင်း မြင်သာ၍ တာဝန်ယူမှုဖြင့် အဆို ပြုရန်၊ ထောက်ခံတင်ပြရန် နှင့် စီမံခန့်ခွဲရန် | ၃.၂.၁ ဘတ်ဂျက်ဦးစားပေး အစီအစဉ်များ သတ်မှတ်၍ ပေါင်းစည်းထားသည့် မဟာဗျူဟာ စီမံကိန်းလုပ်ငန်းအစီအစဉ်များကို သုံးသပ်ခြင်း | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်ပြည်ထောင်စု နယ်မြေအတွင်းရှိ ခရိုင်နှင့်မြို့နယ်တရားရုံးများ အတွက် ရငွေအသုံးစရိတ်များကို ရေးဆွဲတောင်းခံ ခြင်း<br>• ခွဲဝေရရှိသည့် ရငွေ၊ အသုံးစရိတ်များကိုပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စုနယ်မြေ အတွင်းရှိ ခရိုင်နှင့်မြို့နယ်တရားရုံးများသို့ ဦးစားပေး အစီအစဉ်အတိုင်း ခွဲဝေပေးခြင်း | ဦးစားပေး အဆင့် ၁ | BLDP + SPIC<br>BLDP + SPIC | မဟာဗျူဟာ စီမံကိန်း + ဘတ်ဂျက်ဦးစား ပေးအစီအစဉ်<br>မဟာဗျူဟာ စီမံကိန်း + ဘတ်ဂျက်ဦးစား ပေးအစီအစဉ် |
| | ၃.၂.၂ တရားရုံးဘတ်ဂျက်ကို စီမံခန့်ခွဲ ရန် တရားရုံးအရာထမ်း၊ အမှုထမ်း များ၏ စွမ်းရည်တိုးတက်မြင့်မား အောင် ဆောင်ရွက်ခြင်း | • တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များတွင် ငွေစာရင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ဦးစားပေး အဆင့် ၁ | HCs | သင်တန်း အရေအတွက် |
| | ၃.၂.၃ လက်ရှိမဟာဗျူဟာ စီမံကိန်း အား နှစ်စဉ်ပြန်လည်ဆန်းစစ် | • စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆) ကို ပြန်လည်သုံးသပ်ခြင်း | ဦးစားပေး အဆင့် ၁ | SPIC + IR&RDP | အချိန်မီပြီးစီးမှု |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| | သုံးသပ်ခြင်းနှင့် မဟာဗျူဟာလုပ်ငန်းအစီအစဉ်အသစ် ရေးဆွဲခြင်း | • ပဉ္စမနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၇) ကို ရေးဆွဲခြင်း | | SPIC + IR&RDP | အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၃.၃** တရားစီရင်ရေးအတွက် ထိရောက် အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန် | ၃.၃.၁ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (CMP) ကို နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ်(ACMS) အဖြစ် အဆင့်လိုက် မြှင့်တင်ဆောင်ရွက်ခြင်း | • ပြစ်မှုတရားစီရင်ရေးဌာန၊ တရားမတရားစီရင်ရေးဌာနနှင့် စာချုပ်တော်ဌာနတို့တွင် နည်းပညာသုံး မှုခင်းစီမံခန့်ခွဲမှုစနစ်ကို အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း<br>• နည်းပညာသုံးမှုခင်း စီမံခန့်ခွဲမှုစနစ်မှတစ်ဆင့် အများပြည်သူအတွက် တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များ ရှာဖွေကြည့်ရှုနိုင်ရန် ဆက်လက် ဆောင်ရွက်ခြင်း<br>• နည်းပညာသုံး မှုခင်းသတင်းအချက်အလက်စနစ် Case Information System (CIS) ကို တရားလွှတ်တော်အသီးသီးက အသုံးပြုနိုင်ရေး ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ICCIS + e-Gov + CrJDP + CJDP + WDP<br><br>e-Gov + CJDP + CrJDP + WDP<br><br>e-Gov + HCs | အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု<br><br>အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု<br><br>အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု |
| | ၃.၃.၂ စီမံခန့်ခွဲရေးလုပ်ငန်းများတွင် စာရွက်အသုံးပြုမှုလျှော့ချနိုင်ရန် နည်းပညာအသုံးပြုမှု တိုးမြှင့်ဆောင်ရွက်ခြင်း | • တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ၏ စာရွက်စာတမ်းအချက်အလက်သိမ်းဆည်းသည့်စနစ် Document Management System (DMS) အတွင်း ရုံးလုပ်ငန်းဆိုင်ရာအရေးကြီးစာရွက်စာတမ်းများအား ထည့်သွင်းသိမ်းဆည်းနိုင်ရေး ဆက်လက်ဆောင်ရွက်ခြင်း<br>• ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ ဌာနအားလုံးက ရုံးတွင်းစာများ အပြန်အလှန်ပေးပို့သည့်စနစ် | ဦးစားပေး အဆင့် ၁ | e-Gov + OUSC + OUJS + All Departments<br><br>e-Gov + All Departments | အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု<br><br>စနစ်ပြီးစီးမှု |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| | | Office Management System(OMS)ကို အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်ခြင်း | | | |
| | ၃.၃.၃ တရားစီရင်ရေး စီမံခန့်ခွဲမှုလုပ်ငန်းများအား နည်းပညာသုံး စနစ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | • တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များကို လွယ်ကူလျင်မြန်စွာ စီမံခန့်ခွဲနိုင်သည့် Human Resource Management စနစ်ကို ဌာနအသီးသီးမှ အသုံးပြုနိုင်ရေးဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | e-Gov + ADP | ဆောင်ရွက်ပြီးစီးမှု |
| | | • ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်သည့် တရားစွဲတင်မှု၊ ပြစ်ဒဏ်ချမှတ်မှု၊ ဘဏ္ဍာသိမ်းဆည်းမှုဆိုင်ရာ သတင်းအချက်အလက်ထိန်းသိမ်းမှုစနစ်(Database System) တည်ဆောက်ခြင်း | | CrJDP + e-Gov + HCs | ဆောင်ရွက်ပြီးစီးမှု |
| | | • ရှေ့နေရှေ့ရပ်များ၏ အချက်အလက်များ စီမံခန့်ခွဲခြင်းစနစ် Lawyer Database Management System (LMS) တွင် QR Code ထည့်သွင်းနိုင်ရေး ဆောင်ရွက်ခြင်း | | e- Gov + LIDP | ဆောင်ရွက်ပြီးစီးမှု အခြေအနေ |
| | | • ရှေ့နေရှေ့ရပ်များဆိုင်ရာအချက်အလက်များ Lawyer Database တည်ဆောက်ခြင်း | | LIDP + e- Gov | အကောင်အထည် ဖော်နိုင်မှု |
| | | • ရှေ့နေရှေ့ရပ်များအပေါ်အရေးယူဆောင်ရွက်မှုများကို နိုင်ငံတစ်ဝန်းရှိ တရားရုံးအားလုံးက LMS Mobile Application အသုံးပြု၍ ရှာဖွေနိုင်ရန် ဆောင်ရွက်ခြင်း | | e-Gov + LIDP + All Courts | အကောင်အထည် ဖော်နိုင်မှု |
| | | • နိုင်ငံပိုင်ပစ္စည်းများ၊ မြေဂရန်များ၊ မော်တော်ယာဉ်များ စသည်တို့နှင့်စပ်လျဉ်းသည့် ပုံသေပိုင်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | | BLDP + e-Gov + ADP | အကောင်အထည် ဖော်နိုင်မှု |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| | ၃.၃.၄ တရားစီရင်ရေး/ ဥပဒေ ပညာရပ်ပိုင်းဆိုင်ရာအတွက် Online စနစ်များ ဖော်ဆောင်ခြင်း | • တရားစီရင်ထုံးအကြောင်းအရာရှာဖွေခြင်းစနစ် (RCMS) တွင် ပြစ်မှု/ တရားမကျင့်ထုံးများအား Keyword များဖြင့်ရှာဖွေနိုင်ရေး အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း<br>• နိုင်ငံတစ်ဝန်းရှိ တရားသူကြီးများအတွက် အရည်အချင်းစစ်စာမေးပွဲများကို e-learning စနစ် အသုံးပြုဖြေဆိုနိုင်ရေး ဆက်လက်ဆောင်ရွက်ခြင်း<br>• Judicial College ၌ ဖွင့်လှစ်မည့် သင်တန်းများတွင် e-learning စနစ် အသုံးပြုနိုင်ရေး ဆက်လက် ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | e-Gov<br><br>e-Gov + ADP + All Courts<br><br>e-Gov + TDP | ဆောင်ရွက်ပြီးစီးမှု<br><br>ဆောင်ရွက်ပြီးစီးမှု အရေအတွက်<br><br>ဆောင်ရွက်ပြီးစီးမှု အရေအတွက် |
| | ၃.၃.၅ လူ့စွမ်းအားအရင်းအမြစ်များ ကို ထိရောက်စွာ ခွဲဝေချထားနိုင်ရေး အတွက် ဝန်ထမ်းဆိုင်ရာလမ်းညွှန် ချက်များ မြှင့်တင်ခြင်း | • တရားရုံးဖွဲ့စည်းပုံနှင့်အညီ တရားရုံးအရာထမ်း၊ အမှုထမ်းများ ခန့်အပ်ခြင်း | ဦးစားပေး အဆင့် ၁ | ADP + HCs | ခန့်ထားပြီးစီးမှု အရေအတွက် |

## စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆)

## မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၄၊ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ဆောင်ရွက်ရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၁** တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှု မြင့်မားစေရန် | ၄.၁.၁ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် ပံ့ပိုးကူညီခြင်း | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖွင့်လှစ်သော လုပ်ငန်းဝင်သင်တန်း၊ မွမ်းမံသင်တန်းများ၌ တရားစီရင်ရေး ကျင့်ဝတ်ဘာသာရပ်အား သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းပို့ချခြင်း<br>• တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းများ၌ ဝန်ထမ်းကျင့်ဝတ်၊ တရားစီရင်ရေးကျင့်ဝတ်တို့ကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းပို့ချခြင်း | ဦးစားပေး အဆင့် ၁ | ADP + TDP<br><br>ADP + TDP + HCs + DCs | အချိန်မီပြီးစီးမှု + သင်တန်း အရေအတွက်<br><br>အချိန်မီပြီးစီးမှု + သင်တန်း အရေအတွက် |
| | ၄.၁.၂ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် ပံ့ပိုးကူညီခြင်း | • ပညာရပ်ကျွမ်းကျင်မှုဆိုင်ရာနယ်ပယ်များ၌ သင်တန်းများ၊ စွမ်းရည်မြှင့်တင်ခြင်းများ ဆောင်ရွက်ခြင်း<br>• တရားရုံးများသို့ ပုံမှန်နှင့်ရှောင်တခင် ရုံးစစ်ဆေးခြင်းနှင့် စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | TDP + HCs + DCs<br><br>LIDP + All Courts | အချိန်မီပြီးစီးမှု<br><br>ဆောင်ရွက်မှု အရေအတွက် |
| | ၄.၁.၃ တရားသူကြီးများအတွက် သတင်းအချက်အလက်စနစ် မြှင့်တင်ဆောင်ရွက်ခြင်း | • တရားရေးဆိုင်ရာသတင်းအချက်အလက်များ တစုတစည်းတည်းရယူနိုင်ရန် Internal Portal ဆက်လက်ဆောင်ရွက်ခြင်း<br>• e-Library စနစ်အတွင်း နိုင်ငံတော်ပြန်တမ်းများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြန်တမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ နေ့စဉ်ထုတ်သတင်းစာများကို စဉ်ဆက်မပြတ် လွှင့်တင်ဖော်ပြခြင်း | ဦးစားပေး အဆင့် ၁ | e-Gov<br><br>ADP + IR&RDP + e-Gov | အချိန်မီပြီးစီးမှု<br><br>အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၄.၂** | ၄.၂.၁ တရားရုံးစာကြည့်တိုက်များ အဆင့်မြှင့်တင်ခြင်းအပါအဝင် | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ e-library စနစ်အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | IR&RDP + e-Gov | ဆောင်ရွက်ပြီးစီးမှု |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများအား ကောင်းလာစေရန် ဆက်လက်ဆောင်ရွက်ခြင်း | ဥပဒေရေးရာ သုတေသနစွမ်းရည်များ တိုးတက်စေရန် ဆောင်ရွက်ခြင်း | • တရားရေးဝန်ထမ်းများ၏ တရားစီရင်ရေးစွမ်းရည်၊ ဥပဒေရေးရာသုတေသနစွမ်းရည်များ မြင့်မားလာစေရန် ဥပဒေဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပခြင်း<br>• တရားစီရင်ရေးဆောင်ရွက်မှုများကိုတိုးတက်ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် AI အပါအဝင် နည်းပညာရပ်များကို လေ့လာခြင်းနှင့် သုတေသနဆောင်ရွက်ခြင်း | | IR&RDP + ADR&CSDP + TDP + e-Gov + HCs<br>IR&RDP + e-Gov | စာတမ်းဖတ်ပွဲ အရေအတွက်<br>သုတေသနရလဒ် |
| | ၄.၂.၂ တရားစီရင်ရေးဆောင်ရွက်မှု တိုး တက်ကောင်းမွန်ရေးကို အထောက်အကူ ပြုရန် အချက်အလက်စုဆောင်းခြင်းနှင့် လေ့လာဆန်းစစ်ခြင်း | • လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကျားမအခြေပြုအကြမ်းဖက်မှုများတွင် အကျုံးဝင်သောတရားစွဲဆိုမှုများနှင့် စပ်လျဉ်းသည့် အချက်အလက်များ ကောက်ယူခြင်း<br>• သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေများအရ ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုမှုများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်သည့်အပေါ်အခြေပြု၍ တရားမနစ်နာမှုဥပဒေအရ တရားစွဲဆိုမှုများနှင့်စပ်လျဉ်းသည့်အချက်အလက်များ ကောက်ယူခြင်း<br>• တရားစီရင်ရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်လျက်ရှိသော တရားသူကြီး/တရားရေးအရာရှိနှင့် အခြားအဆင့်ဝန်ထမ်းများ(ကျား/မ၊ အသက်အလိုက်) အရေအတွက် ကောက်ယူခြင်း<br>• တရားရုံးအဆင့်ဆင့်၏ ပြက္ခဒိန်နှစ်အလိုက် မှုခင်းပြီးပြတ်မှုစာရင်းများ၊ မူးယစ်ဆေးဝါးမှု၊ မုဒိမ်းမှု (အရွယ်ရောက်/သက်ငယ်)၊ လူကုန်ကူးမှု၊ လူသတ်မှု၊ ယာဉ်မတော်တဆမှု | ဦးစားပေး အဆင့် ၁ | IR&RDP + CrJDP<br>CACJ WG - Climate Justice + CrJDP + CJDP<br>IR&RDP + ADP<br>CART + IR&RDP | အချိန်မီပြီးစီးမှု<br>အချိန်မီပြီးစီးမှု<br>အချိန်မီပြီးစီးမှု<br>အချိန်မီပြီးစီးမှု |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| | | ကြောင့်လူသေမှု၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ စွဲဆိုမှုစာရင်း များ ကောက်ယူခြင်း<br>• တရားရေးလုပ်ငန်းစဉ်များနှင့် နည်းပညာဆိုင်ရာစနစ်များ ယှဉ်တွဲအသုံးပြုနိုင်ရေး လေ့လာဆန်းစစ်ချက်များ ပြုလုပ်ရန် ပြင်ပနည်းပညာရှင်များ၊ အဖွဲ့အစည်းများအား ဖိတ်ခေါ်၍ စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပခြင်း | | e-Gov | ဆွေးနွေးပွဲ အရေအတွက် |
| | ၄.၂.၃ တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်း ဆိုင်ရာ ကျွမ်းကျင်မှုများတိုးတက် စေရန် သီးသန့်သင်တန်းများ ပေးခြင်း | • အဆင့်မြင့်တရားရေးအရာရှိကြီးများ၊ တရားသူကြီးများ အတွက် မွမ်းမံသင်တန်းများနှင့် ဒုတိယမြို့နယ်တရားသူ ကြီးများအတွက် လုပ်ငန်းဝင်သင်တန်းများပေးခြင်း<br>• အာဆီယံတရားသူကြီးချုပ်များကောင်စီ၊ တရားစီရင်ရေး ဆိုင်ရာလေ့ကျင့်ခြင်းနှင့် သင်ကြားပေးခြင်းလုပ်ငန်းအဖွဲ့ ၏ မဟာဗျူဟာစီမံကိန်းနှင့် လုပ်ငန်းအစီအစဉ်အရ လေ့ကျင့်သင်ကြားပေးခြင်း<br>• "တရားရုံးသက်သေအထူးစစ်မေးခန်း အသုံးပြု၍ သက်သေ စစ်မေးခြင်းလမ်းညွှန်" အား တရားရေးသင်တန်းများတွင် ထည့်သွင်းပို့ချခြင်း<br>• တရားသူကြီးများအတွက် AML/CFT ဆိုင်ရာ သင်တန်း ပေးခြင်း<br>• စာချုန်တော်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားသူကြီး များအား အသိပညာပေး ဆွေးနွေးခြင်း | ဦးစားပေး အဆင့် ၁ | TDP<br><br>CACJ-JETWG + TDP + CrJDP + IR&RDP<br><br>TDP + CrJDP<br><br>OUJS + LIDP + CrJDP + AMLWG<br><br>WDP | သင်တန်း အရေအတွက်<br><br>သင်တန်း အရေအတွက်<br><br>သင်တန်း အရေအတွက်<br><br>သင်တန်း အရေအတွက်<br><br>ဆောင်ရွက်မှု အရေအတွက် |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| | ၄.၂.၄ တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်မှုနှင့် အများပြည်သူ ကျေနပ်မှုမြှင့်တင်ရန် သင်တန်းများ ဆက်လက်ပေးခြင်း | • တရားရုံးဝန်ထမ်းများအတွက် တည်ဆဲလေ့ကျင့်ရေးသင်ရိုး ညွှန်းတမ်းကို ပြန်လည်သုံးသပ်ရေးဆွဲခြင်းနှင့် ယင်းသင်ရိုး ညွှန်းတမ်းနှင့်အညီ သင်တန်းများဆက်လက်ပေးခြင်း<br>• တရားရုံးဝန်ထမ်းများအတွက် Lawyer Management System(LMS)စနစ် ဖြည့်သွင်းခြင်းဆိုင်ရာ ဌာနတွင်း သင်တန်းများပေးခြင်း<br>• AML/CFT Offsite စစ်တမ်းလွှာအပေါ် Risk Score တွက် ချက်ခြင်းနှင့်အကဲဖြတ်ခြင်းဆိုင်ရာဌာနတွင်းသင်တန်းပေး ခြင်း<br>• စာချုပ်စာတမ်းများ ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ဌာနတွင်း အမှုထမ်းများအား သင်တန်းပေးခြင်း | ဦးစားပေး အဆင့် ၁ | TDP + HCs<br><br>LIDP + AMLWG<br><br>LIDP + AMLWG<br><br>WDP | သင်တန်း အရေအတွက် + အချိန်မီပြီးစီးမှု<br><br>သင်တန်း အရေအတွက်<br><br>သင်တန်း အရေအတွက်<br><br>သင်တန်း အရေအတွက် |
| | ၄.၂.၅ တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှု မြှင့်တင်ခြင်း | • ဖွံ့ဖြိုးတိုးတက်လာသည့် ပညာရပ်ဆိုင်ရာနယ်ပယ်များ (CMP, Customer Service, IP အပါအဝင် Commercial Matters, Mediation) တို့ကို ဒုတိယမြို့နယ်တရားသူကြီး များလုပ်ငန်းဝင်သင်တန်း၊ မြို့နယ်နှင့်ခရိုင်အဆင့်တရား သူကြီးများ မွမ်းမံသင်တန်းတို့၏ သင်ရိုးညွှန်းတမ်းတွင် ပေါင်းစည်းထည့်သွင်းခြင်း<br>• ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဥပဒေကျောင်းသား/ ကျောင်းသူများ လာရောက်လေ့လာရာတွင် ဥပဒေ အသိပညာပေး ရှင်းလင်းပို့ချခြင်း | ဦးစားပေး အဆင့် ၁ | TDP + All Departments<br><br>IPRDP | ဆောင်ရွက်ပြီးစီး မှု<br><br>လေ့လာမှု အရေအတွက် |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၃** တရားသူကြီးများ၊ တရားရုံး ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေး ဆောင်ရွက်ပေးရန် | ၄.၃.၁ တရားရုံးဘေးကင်းလုံခြုံမှု နှင့် စပ်လျဉ်း၍ လက်ရှိအခြေအနေ အပေါ် လေ့လာဆန်းစစ်ခြင်းနှင့် အကြံပြုခြင်း | • တရားရုံးများ၏ ဘေးကင်းလုံခြုံမှု နှင့်စပ်လျဉ်း၍ အကဲဖြတ်မှုကို ဆက်လက်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ADP | အချိန်မီပြီးစီးမှု |
| | ၄.၃.၂ တရားရုံးများ၏ ဘေးကင်း လုံခြုံမှုတိုးတက်စေခြင်း | • တရားရုံးများတွင် ဘေးကင်းလုံခြုံရေး စီမံချက်များရေးဆွဲခြင်းနှင့် အသစ်ဆောက်လုပ်မည့် တရားရုံးများတွင် ဘေးကင်းလုံခြုံရေးအစီအမံများ ထည့်သွင်း ဆောက်လုပ်ခြင်း | ဦးစားပေး အဆင့် ၁ | ADP + BLDP + All Courts | ဆောင်ရွက်ပြီးစီးမှု အရေအတွက် |
| | ၄.၃.၃ လုံလောက်သည့် ဝန်ထမ်း အိမ်ရာများ ပံ့ပိုးပေးခြင်း | • သဃ်န်းကျွန်းမြို့နယ်တရားရုံး ဝန်ထမ်းအိမ်ရာဝင်းအတွင်း ဝန်ထမ်းအိမ်ရာအသစ် ဆောက်လုပ်ခြင်း<br>• ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး အဆောက်အအုံ ဟောင်းအား ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ဝန်ထမ်းအိမ်ရာအဖြစ် ပြုပြင်ခြင်း | ဦးစားပေး အဆင့် ၁ | Yangon HC + BLDP<br>Yangon HC + BLDP | ဆောင်ရွက် ပြီးစီးမှု<br>ဆောင်ရွက် ပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၄.၄** တရားရေးသင်တန်းကျောင်း အသစ်တည်ထောင်ရန် | ၄.၄.၁ တရားရေးသင်တန်းကျောင်း အတွက် ဘဏ္ဍာရေးရှာဖွေခြင်းနှင့် ဆက်လက်တည်ဆောက်ခြင်း | • Judicial College ဖွဲ့စည်းပုံ အတည်ပြုရေးဆောင်ရွက် ခြင်းနှင့် ဘတ်ဂျက်လျာထားခြင်း | ဦးစားပေး အဆင့် ၁ | ADP + BLDP | အကောင် အထည်ဖော် ဆောင်ရွက်နိုင်မှု |
| | ၄.၄.၂ တရားရေးသင်တန်းကျောင်း စီမံကိန်းကို အကောင်အထည်ဖော် ခြင်း | • နှစ်အလိုက်ဖွင့်လှစ်မည့် သင်တန်းစီမံချက်များ ရေးဆွဲခြင်း | ဦးစားပေး အဆင့် ၁ | TDP | အကောင် အထည်ဖော် ဆောင်ရွက်နိုင်မှု |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| မဟာဗျူဟာရည်မှန်းချက် ၄.၅<br>တရားစီရင်ရေးအတွက် **သတင်းအချက်အလက်**နည်းပညာအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားရေး ဆောင်ရွက်ရန် | ၄.၅.၁ တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်နည်းပညာ အခြေခံစံနှုန်းများ သတ်မှတ်ဆောင်ရွက်ခြင်း | • e-Government လုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရေးကော်မတီအစည်းအဝေးများ ပုံမှန်ကျင်းပ၍ ICT Master Plan နှင့် ရှေ့လုပ်ငန်းစဉ်များသတ်မှတ်ဆောင်ရွက်ခြင်း<br>• နည်းပညာနှင့်နည်းပညာဆိုင်ရာပစ္စည်းများ အသုံးပြုရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | e-Gov<br>e-Gov | အစည်းအဝေး အရေအတွက်<br>လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းနိုင်မှု |
| | ၄.၅.၂ စွမ်းဆောင်ရည်မြင့်နည်းပညာဆိုင်ရာသင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း | • ရုံးလုပ်ငန်းသုံး ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း<br>• နည်းပညာအရာထမ်း/အမှုထမ်းများအတွက် နည်းပညာသင်တန်းများ၊ နည်းပညာဆိုင်ရာစီမံခန့်ခွဲရေးသင်တန်းများ တက်ရောက်နိုင်ရေး ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | e-Gov + All Departments + All Courts<br>e-Gov | သင်တန်း အရေအတွက်<br>သင်တန်း အရေအတွက် |
| | ၄.၅.၃ နည်းပညာဆိုင်ရာအသိပညာပေး အစီအစဉ်များ ဆောင်ရွက်ခြင်း | • တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများ၊ တရားရေး အရာထမ်း၊ အမှုထမ်းများအား နည်းပညာဆိုင်ရာသင်တန်းများ၊ ရှင်းလင်းဟောပြောပွဲများကို Online/ Offline ဖြင့် ကျင်းပပြုလုပ်ခြင်း | ဦးစားပေး အဆင့် ၁ | e-Gov + All Courts | သင်တန်း + ရှင်းလင်း ဟောပြောပွဲ အရေအတွက် |
| | ၄.၅.၄ တရားရုံးအသီးသီးအတွက် လုံခြုံစိတ်ချစွာ ဆက်သွယ်အသုံးပြုနိုင်သည့် ကွန်ရက်တစ်ခု တည်ဆောက်ရန် | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ Online လွှင့်တင်ထားသည့် နည်းပညာဆိုင်ရာစနစ်များအတွက် Backup System ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | e-Gov | အကောင် အထည်ဖော်နိုင်မှု |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| | | • ပြည်ထောင်စုတရားလွှတ်တော်ချုပ် Mini Data Center အား ပြန်လည်တည်ဆောက်နိုင်ရန် အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | | e-Gov | အကောင် အထည်ဖော်နိုင်မှု |
| | | • ပြည်ထောင်စုတရားလွှတ်တော်ချုပ် Network Infrastructure များအား အဆင့်လိုက် ပြန်လည်ချိတ်ဆက်သွယ်တန်းခြင်း | | e-Gov | အကောင် အထည်ဖော်နိုင်မှု |
| | | • ပြည်ထောင်စုတရားလွှတ်တော်ချုပ် Network လုံခြုံမှု အခြေအနေအား စောင့်ကြည့်စစ်ဆေးနိုင်ရေးအတွက် Network Operation Center(NOC)စနစ်အား ပြန်လည် တည်ဆောက်ခြင်း | | e-Gov | အကောင် အထည်ဖော်နိုင်မှု |

စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆)

မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၅၊ ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၅.၁** နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (NCMP) အကောင်အထည်ဖော်မှု တိုးမြှင့်ဆောင်ရွက်ရန် | ၅.၁.၁ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုကို ကြီးကြပ်ဆောင်ရွက်ခြင်း | • နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှု ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း<br>• နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှု အခြေအနေအား တရားရုံးနှစ်စဉ်အစီရင်ခံစာတွင် ထည့်သွင်း ထုတ်ပြန်ခြင်း | ဦးစားပေး အဆင့် ၁ | CrJDP + CJDP + HCs + All Courts<br>CrJDP + CJDP + HCs + All Courts | အကောင်အထည်ဖော်နိုင်မှု<br>အကောင်အထည်ဖော်နိုင်မှု |
| | ၅.၁.၂ CMP နှင့်စပ်လျဉ်း၍ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအားလေ့ကျင့်သင်ကြားသည့်အစီအစဉ် စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဖွင့်လှစ်သော လုပ်ငန်းဝင်သင်တန်း၊ မွမ်းမံသင်တန်းများတွင် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအား CMP နှင့် စပ်လျဉ်းသည့် ဘာသာရပ်ကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းပို့ချခြင်း | ဦးစားပေး အဆင့် ၁ | TDP + CrJDP + CJDP + HCs | အကောင်အထည်ဖော်နိုင်မှု |
| **မဟာဗျူဟာရည်မှန်းချက် ၅.၂** တရားရုံးက ဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်များအတွက် နယ်ပယ်များသတ်မှတ်ခြင်း | ၅.၂.၁ တရားရုံးကဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်များအတွက် နယ်ပယ်များသတ်မှတ်၍အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | • စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေဆိုင်ရာ အနှစ်ချုပ်စာအုပ်နှင့် အမေးအဖြေများစာအုပ် (QA) ရေးဆွဲခြင်း<br>• စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေဆိုင်ရာ အနှစ်ချုပ်စာအုပ်နှင့် အမေးအဖြေများစာအုပ် (QA) ရေးဆွဲခြင်း<br>• တီထွင်မှုမူပိုင်ခွင့်ဥပဒေဆိုင်ရာ အနှစ်ချုပ်စာအုပ်နှင့် အမေးအဖြေများစာအုပ် (QA) ရေးဆွဲခြင်း<br>• မူပိုင်ခွင့်ဥပဒေများနှင့်စပ်လျဉ်းသည့် အသိပညာပေး အစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း | ဦးစားပေး အဆင့် ၁ | ADR&CSDP + BLDP<br>ADR&CSDP + BLDP<br>ADR&CSDP + BLDP<br>ADR&CSDP + HCs | အကောင်အထည်ဖော်နိုင်မှု<br>အကောင်အထည်ဖော်နိုင်မှု<br>အကောင်အထည်ဖော်နိုင်မှု<br>ဆွေးနွေးပွဲအရေအတွက် |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| | | • လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများကို ပြန်လည်သုံးသပ်ခြင်းနှင့်ပြင်ဆင်ရေးဆွဲခြင်း | | ADR&CSDP + InsolRWG + LPDP + RTLA | အကောင်အထည် ဖော်နိုင်မှု |
| | | • လူမွဲခံယူခြင်းဆိုင်ရာဥပဒေပြင်ဆင်ရေး အဆိုပြုချက်နှင့် စပ်လျဉ်း၍ စိစစ်ခြင်း၊ ပြန်လည်သုံးသပ်ဆောင်ရွက်ခြင်း | | ADR&CSDP + LPDP + RTLA | အကောင်အထည် ဖော်နိုင်မှု |
| | | • ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆိုင်ရာသင်တန်းများအား ပို့ချပေးနိုင်ရေး ဆောင်ရွက်ခြင်း | | ADR&CSDP + HCs | သင်တန်း အရေအတွက် |
| | | • ဒုတိယမြို့နယ်တရားသူကြီးများလုပ်ငန်းဝင်သင်တန်းတွင် မူပိုင်ခွင့်ဥပဒေများနှင့် စပ်လျဉ်း၍ ပို့ချဆွေးနွေးခြင်း | | ADR&CSDP + TDP | သင်တန်း အရေအတွက် |
| | ၅.၂.၂ ကာကွယ်စောင့်ရှောက်မှု လိုအပ်သည့်အုပ်စုများအတွက် အရင်းအမြစ်ကျသော တရားမျှတမှု တိုးမြှင့်ဆောင်ရွက်ခြင်း | • ကလေးသူငယ်များနှင့် ကာကွယ်စောင့်ရှောက်မှု လိုအပ်သည့် လူကြီးသက်သေများအတွက် တရားရုံးသက်သေ အထူးစစ်မေးခန်း/ သီးသန့်ရုံးခန်းတွင်စစ်မေးခြင်းနှင့် လိုအပ်သည့်အခါ သက်သေစကားပြန် စီစဉ်ဆောင်ရွက်ပေးခြင်း | ဦးစားပေး အဆင့် ၁ | All Courts | လိုက်နာ ဆောင်ရွက်နိုင်မှု အခြေအနေ |
| **မဟာဗျူဟာရည်မှန်းချက် ၅.၃** တရားရုံးက အငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးသော စနစ်များကို သတ်မှတ်ဆောင်ရွက်ရန် | ၅.၃.၁ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကိုတရားရုံးများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းအား ပိုမိုတိုးတက်စေရန် ဆောင်ရွက်ခြင်း | • တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအားအများပြည်သူ လက်လှမ်းမီမှုရှိစေရေးအတွက် ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ADR&CSDP + BLDP + HCs | အကောင် အထည်ဖော်နိုင်မှု |
| | | • တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အား နယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် အသိပညာပေးအစီအစဉ်များကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်ခြင်း | | ADR&CSDP + HCs | အစီအစဉ် အရေအတွက် |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| | | • စေ့စပ်ဖြေရှင်းရေးအရာရှိများ၊ တရားသူကြီးများနှင့် တရားရေးအရာရှိများအား စေ့စပ်ဖြေရှင်းရေးဆိုင်ရာ သင်တန်းများ ပို့ချခြင်း<br>• စေ့စပ်ဖြေရှင်းရေးလက်စွဲပါ အကြောင်းအရာများအား လိုအပ်လျှင် ပြင်ဆင်နိုင်ရေး ဆောင်ရွက်ခြင်း<br>• ဒုတိယမြို့နယ်တရားသူကြီးများလုပ်ငန်းဝင်သင်တန်းတွင် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်သည့် လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ပို့ချဆွေးနွေးခြင်း<br>• တရားမမှုတွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့် လုပ်ငန်းစဉ် “Flow Chart” ၊ တရားရုံး က ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးလက်စွဲစာအုပ်နှင့် စေ့စပ်ဖြေရှင်းရေး အရာရှိများအတွက် ကျင့်ဝတ်ဆိုင်ရာတန်ဖိုးများ စာအုပ် တို့ကို ဖြန့်ဝေခြင်း | | ADR&CSDP + HCs<br>ADR&CSDP + LPDP + HCs<br>ADR&CSDP + TDP<br>ADR&CSDP + TDP + BLDP + HCs | သင်တန်း အရေအတွက်<br>ပြင်ဆင်နိုင်မှု<br>ပို့ချဆွေးနွေးမှု အရေအတွက်<br>ဖြန့်ဝေပြီးစီးမှု |
| | ၅.၃.၂ အငြင်းပွားမှုများကို အခြား နည်းဖြင့် ဖြေရှင်းခြင်းစနစ် (ADR System) ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း | • အခြားနိုင်ငံများတွင်ကျင့်သုံးလျက်ရှိသော အငြင်းပွားမှု ကို အခြားနည်းဖြင့်ဖြေရှင်းသည့် နည်းစနစ်များအပေါ် လေ့လာဆန်းစစ်ခြင်း<br>• အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် ဆွေးနွေးပွဲများ ကျင်းပခြင်း | ဦးစားပေး အဆင့် ၁ | ADR&CSDP<br>ADR&CSDP + HCs + DCs | အကောင် အထည်ဖော်နိုင်မှု<br>ဆွေးနွေးပွဲ အရေအတွက် |

# အတိုကောက်စာလုံးများ

| | | |
|---|---|---|
| ACMS | - | နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ် |
| All Departments | - | ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှဌာနအားလုံး |
| ADP | - | စီမံရေးရာဌာန |
| ADR System | - | အငြင်းပွားမှုများကို အခြားနည်းဖြင့်ဖြေရှင်းခြင်းစနစ် |
| ADR&CSDP | - | အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာန |
| AML/CFT | - | ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး |
| AMLWG | - | ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ |
| BLDP | - | ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန |
| CACJ | - | အာဆီယံတရားသူကြီးချုပ်များကောင်စီ |
| CACJ-JETWG | - | အာဆီယံတရားသူကြီးချုပ်များကောင်စီ၊ တရားစီရင်ရေးဆိုင်ရာလေ့ကျင့်ခြင်းနှင့် သင်ကြားပေးခြင်းလုပ်ငန်းအဖွဲ့ |
| CACJ WG-Climate Justice | - | အာဆီယံတရားသူကြီးချုပ်များကောင်စီ၊ ရာသီဥတုဆိုင်ရာ တရားမျှတမှု လုပ်ငန်းအဖွဲ့ |
| CART | - | တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့ |
| CIS | - | နည်းပညာသုံးမှုခင်းသတင်းအချက်အလက်စနစ် |
| CJDP | - | တရားမတရားစီရင်ရေးဌာန |
| CrJDP | - | ပြစ်မှုတရားစီရင်ရေးဌာန |
| CMP | - | မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် |
| CMS | - | မှုခင်းစီမံခန့်ခွဲမှုစနစ် |
| CMWG | - | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆိုင်ရာလုပ်ငန်းအဖွဲ့ |
| DCs | - | ခရိုင်တရားရုံးများ |
| DMS | - | စာရွက်စာတမ်းအချက်အလက်သိမ်းဆည်းသည့်စနစ် |
| e-Gov | - | e-Government ဌာန |

| | | |
|---|---|---|
| HCs | - | တရားလွှတ်တော်များ |
| ICCIS | - | နည်းပညာသုံးမှုခင်းသတင်းအချက်အလက်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ |
| InsolRWG | - | လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ ပြင်ဆင်ရေးဆွဲရေးလုပ်ငန်းအဖွဲ့ |
| IPRDP | - | သတင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာန |
| IR&RDP | - | အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့်သုတေသနဌာန |
| LIDP | - | ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာန |
| LMS | - | ရှေ့နေရှေ့ရပ်စီမံခန့်ခွဲမှုစနစ် |
| LPDP | - | ဥပဒေလုပ်ထုံးလုပ်နည်းဌာန |
| MCMWG | - | တရားရုံးများလက်စွဲလုပ်ငန်းအဖွဲ့ |
| MoU | - | နားလည်မှုစာချွန်လွှာ |
| NCMP | - | နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် |
| OMS | - | ရုံးတွင်းစာများ အပြန်အလှန်ပေးပို့သည့် စနစ် |
| OUCJ | - | ပြည်ထောင်စုတရားသူကြီးချုပ်ရုံး |
| OUJS | - | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး |
| OUSC | - | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး |
| RCMS | - | တရားစီရင်ထုံးအကြောင်းအရာရှာဖွေခြင်းစနစ် |
| RTLA | - | ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲသော ဥပဒေများစိစစ်ရေးအဖွဲ့ |
| SPIC | - | မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ |
| TCs | - | မြို့နယ်တရားရုံးများ |
| TDP | - | လေ့ကျင့်ဌာန |
| USC | - | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| WDP | - | စာချွန်တော်ဌာန |

## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

### နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ်

မှုခင်းအစီအစဉ်ရေးဆွဲခြင်း၊ အမှုအသေးစိတ်ကိုခြေရာခံခြင်း၊ မှုခင်းစီမံခန့်ခွဲမှုကို အထောက်အကူဖြစ်စေရန် နည်းပညာအသုံးပြုထားသည့် တရားရုံးပုံစံများ၊ စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များအပါအဝင် ခေတ်မီနည်းပညာဖြင့် ဖန်တီးထားသည့် ကွန်ပျူတာတွင် အချက်အလက် သိမ်းဆည်းသည့် အစီအစဉ်ဖြင့် တည်ဆောက်ထားသည့်စနစ်

### မှုခင်းသတင်းအချက်အလက်စနစ်

အမှုခေါ်စာရင်း၊ နှစ်အလိုက်အမှုစာရင်းနှင့် စီရင်ထုံးများအပါအဝင် တရားရုံး၏ဆောင်ရွက်မှုများကို တိုက်ရိုက် သတင်းအချက်အလက်ရယူနိုင်မည့် ကွန်ရက်အခြေပြုစနစ်

### မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်

ရာဇဝတ်မှုဖြစ်စေ၊ တရားမမှုဖြစ်စေ စစ်ဆေးစီရင်ရာတွင် စံသတ်မှတ်ကာလအတွင်း ပြီးပြတ်စေရန် မှုခင်းစစ်ဆေးစီရင်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားရုံးက အမှုနှင့်သက်ဆိုင်သည့် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း၍ နည်းပညာ အထောက်အပံ့များဖြင့် စဉ်ဆက်မပြတ်ကြီးကြပ်ကွပ်ကဲနိုင်ရန် စီစဉ်ဆောင်ရွက်သည့် အစီအစဉ်

### မှုခင်းစီမံခန့်ခွဲမှုစနစ်

အမှုများကို စီစဉ်ဆောင်ရွက်ရာတွင် တရားရုံးက စဉ်ဆက်မပြတ်ကြီးကြပ်ကွပ်ကဲနိုင်သော မှုခင်းစီမံခန့်ခွဲနိုင်သည့် စနစ်ဖြစ်ပြီး အောက်ပါအင်္ဂါရပ်များ ပါဝင်သည်-

- အမှုများ၏ ရှုပ်ထွေးမှုကို သတ်မှတ်ထားသည့် စံများအခြေခံ၍ ဦးစွာစိစစ်ခြင်း
- အမှုတစ်မှုခြင်း၏ ထူးခြားမှုအလိုက် တာဝန်ပေးအပ်ခြင်း
- အမှုတစ်မှုချင်းစီအတွက် မတူညီသည့် လုပ်ထုံးလုပ်နည်းများ အသုံးပြုခြင်း
- အမှုများ၏ လိုအပ်ချက်အလိုက် တာဝန်ပေးအပ်မှုကို အခြေခံခြင်း

**တရားရုံးက အငြင်းပွားမှုများကို ဖြေရှင်းပေးသည့်စနစ်**

အမှုသည်များအကြား အငြင်းပွားမှုများကို ဖြေရှင်းပေးသည့် စနစ်ဖြစ်ပြီး ယင်းတွင် တရားစီရင်ဆုံးဖြတ်ပေးသည့် လုပ်ငန်းစဉ်များနှင့် သဘောဆန္ဒအရ ဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များပါဝင်ခြင်း

**တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းပေးရေးစနစ်**

သတ်မှတ်ထားသည့်အမှုများတွင် တရားရုံးမှတ်ပုံတင်အရာရှိ သို့မဟုတ် တရားရေးအရာရှိတစ်ဦးဦးက အရည်အချင်းပြည့်မီသည့် စေ့စပ်ဖြေရှင်းပေးသူအဖြစ် ဆောင်ရွက်ပေးရသည့် စေ့စပ်ဖြေရှင်းမှုစနစ်

**တရားရုံးက ဆောင်ရွက်သည့် အထူးမှုခင်းကိစ္စရပ်**

တရားစီရင်ရေးရာကိစ္စရပ်များအပေါ် ထူးခြားသည့် အကျိုးသက်ရောက်မှုရှိနေသောကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အထူးပြုဆောင်ရွက်သည့် မှုခင်းကိစ္စရပ်

**ရှေ့နေရှေ့ရပ်စီမံခန့်ခွဲမှုနှင့်ဆိုင်သည့် မိုဘိုင်းဖုန်းသုံးစနစ်**

ရှေ့နေရှေ့ရပ်များ၏ ကိုယ်ရေးအချက်အလက်များ၊ ၎င်းတို့အပေါ်အရေးယူဆောင်ရွက်ထားရှိမှုများနှင့် တရားရုံးတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိ၊ မရှိတို့ကို မိုဘိုင်းဖုန်းများမှတစ်ဆင့် စိစစ်နိုင်မည့် Mobile App

**အများပြည်သူအထောက်အကူပြုသည့် အစီအစဉ်**

တရားရုံးများ၏ အခန်းကဏ္ဍများ၊ လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ တိကျပြည့်စုံသည့် သတင်းအချက်အလက်ပေးရန်အတွက် သော်လည်းကောင်း၊ တရားရုံးလုပ်ငန်းများအပေါ် သိရှိနားလည်မှုနှင့် ပံ့ပိုးကူညီပေးနိုင်မှု တိုးတက်မြင့်မားလာစေရန်အတွက် သော်လည်းကောင်း တရားရုံးနှင့် လူမှုအဖွဲ့အစည်းများအကြား ရေရှည်တည်မြဲသည့် အပြန်အလှန်ဆက်ဆံရေးထားရှိသည့် အစီအစဉ်



တရားမျှတမှုရရှိစေရေး အားလုံးပါဝင်ဆောင်ရွက်ပေး

PROVIDING JUSTICE BY ALL

www.unionsupremecourt.gov.mm